မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 13 , 2026 Volume 98, Number 8

| | |
|---|---|
| ၁၃.၁ .၂၀၂၆ | |
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၈.၉၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၀၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၈.၃၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၈.၄၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ခဲ့



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် ၃၃၁,၈၆၉ တန်ချိန်တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)က ထုတ်ပြန်ထားသည်။

ထိုသို့တင်ပို့ရာတွင် ဆန်တန်ချိန် ၂၃၀,၇၈၈ နှင့် ဆန်ကွဲ တန်ချိန် ၁၀၁,၀၈၁ ကို ပင်လယ်ရေကြောင်းမှ ၃၂၇,၆၆၉ တန်ချိန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၄၂၀၀ တန်ချိန် တင်ပို့ထားသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ သန်းတင်ပို့ရန် လျာထားပြီး ဧပြီလမှ ဒီဇင်ဘာလအထိ ဆန်တန်ချိန် ၂,၁၁၉,၀၁၁ တန်ချိန်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၆၇၅ သန်း ရရှိထားသည်။

ထိုသို့ တင်ပို့ရာ ဧပြီလတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၁၄၂,၇၈၈၊ မေလတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၂၅၉,၅၀၁၊ ဇွန်လတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၂၁၂,၄၁၆၊ ဇူလိုင် တွင် ဆန်၊ ဆန်ကွဲတန်ချိန် ၂၃၀,၆၇၂၊ ဩဂုတ်လတွင် ၁၉၂,၉၈၅၊ စက်တင်ဘာလတွင် ဆန်၊ ဆန်ကွဲ တန်ချိန် ၁၆၈,၀၄၆၊ အောက်တိုဘာလတွင် ဆန်၊ ဆန် ကွဲတန်ချိန် ၃၁၆,၉၂၀၊ နိုဝင်ဘာ လတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၂၆၃,၈၁၅၊ ဒီဇင်ဘာလတွင် ၃၃၁,၈၆၉ တန်ချိန် တင်ပို့ထား သည်။

ဒီဇင်ဘာလတွင် ဆန် တင်ပို့မှုကုမ္ပဏီ ၇၂ ခုမှ နိုင်ငံ ပေါင်း ၂၄ နိုင်ငံကို တင်ပို့ခဲ့ရာ ဆန်ဝယ်ယူမှုပထမအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံ၊ ဒုတိယအများဆုံးမှာ မဒါဂတ်စကား၊ တတိယအများဆုံးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်သည်။

ဆန်ကွဲကို နိုင်ငံပေါင်း ၁၁ နိုင်ငံသို့ တင်ပို့ရာ တရုတ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က အများဆုံးဝယ်ယူထားကြောင်း သိရသည်။

**Source : BETV Business**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့




မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ငါးမက်ထရစ်တန်နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက် မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၁,၃၅၁၃ ဒသမ ၈၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၅၅၁ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၁၄,၂၄၂ ဒသမ ၇၄ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၁၀၁ ဒသမ ၃၆၈ သန်း ရရှိသည့် အတွက်စုစုပေါင်း ငါးမက်ထရစ်တန် ၂၂၇,၇၅၆ ဒသမ ၅၆၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၉၁၉ သန်း ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါးအပါအဝင် တခြားရေထွက်ကုန်များလည်းတင်ပို့လျက်ရှိရာယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ရေထွက်ကုန်တင်ပို့မှုမှ မက်ထရစ်တန် ၃၂၅,၇၁၉ ဒသမ ၁၂၉ တန် တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကိုတရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံစသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ကျပ်ငွေလဲမှုပမာဏ လျှော့ချပေးမှု ပို့ကုန်လုပ်ငန်းများ ပိုအဆင်ပြေနိုင်

ပို့ကုန်ရငွေကနေ မြန်မာကျပ်ငွေလဲလှယ်ဖို့ ရာခိုင်နှုန်းဖြေလျှော့ပေးလိုက်တာကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းကုန်ထုတ်သူတွေအတွက် ပိုမိုအဆင်ပြေလာနိုင်တယ်လို့ ပို့ကုန်လုပ်ငန်းရှင်တချို့က သုံးသပ်ပြောကြားပါတယ်။




ဗဟိုဘဏ်သတ်မှတ်နှုန်းနဲ့ လဲလှယ်ရတဲ့ပမာဏနည်းသွားတဲ့အတွက် ပြည်တွင်းကုန်ထုတ်လုပ်သူတွေဆီကနေ ကုန်ပစ္စည်းတွေကို ဈေးပိုပေးဝယ်လာနိုင်မှာဖြစ်လို့ ကုန်ထုတ်လုပ်သူတွေ ဈေးပိုရရှိလာနိုင်မှာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာဖြိုးကိုကိုနိုင်က သုံးသပ်ပြောဆိုပါတယ်။

ပို့ကုန်ရငွေရာခိုင်နှုန်းကို ၁၀ ရာခိုင်နှုန်း ဖြေလျှော့ပေးလိုက်တာကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အရင်ကထက် ပိုမို အထောက်အကူဖြစ်နိုင်တယ်လို့လည်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်း ရေးမှူး ဦးခိုင်မြင့်က သုံးသပ်ပြောဆိုပါတယ်။

ပို့ကုန်ရငွေရဲ့ ၂၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေလဲလှယ်ဖို့ သတ်မှတ်ထားရာကနေ ပို့ကုန်ရငွေရဲ့ ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေလဲလှယ်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇန်နဝါရီ ၇ ရက်မှာ ပြင်ဆင်သတ်မှတ်လိုက်တာပါ။ဗဟိုဘဏ်ရဲ့ သတ်မှတ်ငွေလဲနှုန်းက အမေရိကန်တစ်ဒေါ်လာကို ၂၁၀၀ ကျပ်ဖြစ်ပါတယ်။

**Source : https://onenewstvchannel.com/**

## မွန်ပြည်နယ်၊ ပေါင်မြို့နယ်၌ ရာသီပေါ်ကြက်ပေါင်သီးများ ဆွတ်ခူးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ



မွန်ပြည်နယ်၊ ပေါင်မြို့နယ်ဒေသရှိ ကုလားမ တောင်တန်းနှင့် တောတောင်များ၊ ဥယျာဉ်ခြံများတွင် ကြက်ပေါင်သီးအပင်များမှာ သဘာဝအလျောက် ပေါက်ရောက်ရှင်သန်လျက်ရှိရာ ယခုလို ရာသီပေါ်ချိန်ကာလတွင် ဒေသခံများက မိသားစုအပိုဝင်ငွေ ရရှိရန်အတွက် ကြက်ပေါင်သီးများ ဆွတ်ခူးရောင်းချလျက်ရှိကြောင်း သိရသည်။

ကြက်ပေါင်သီးများကို ဒေသခံများက သွားရည်စာအဖြစ်လည်းကောင်း၊ ငါးနှင့်တွဲ၍ ဟင်းလျာအဖြစ်လည်းကောင်း၊ သနပ်အဖြစ်လည်းကောင်း၊ ငါးပိ၊ ပုစွန်ခြောက်နှင့်တွဲကြော်၍ ပြုလုပ်စားသုံးကြကာ ဒေသအတွင်းတွင် နှစ်သက်စားသုံးသူများပြားလာခြင်း၊ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ်ရှိဈေးများသို့ ပို့ဆောင်ရောင်းချခြင်း၊ လက်ဆောင်ပေးခြင်း၊ ဆိုင်တင်ရောင်းချခြင်းတို့ကြောင့်ဝယ်လိုအားကောင်းလျက်ရှိရာ ကြက်ပေါင်သီးအလုံး ၅၀ ပါ အစည်းကြီးတစ်စည်းလျှင်၇၀၀၀ ကျပ် ဈေးနှုန်းရရှိကြောင်း သိရသည်။

ကြက်ပေါင်သီးများမှာ နွယ်ပင်မျိုးဖြစ်၍ ချဉ်သောအရသာရှိကာ စိုက်ပျိုးထားမှုမရှိဘဲ ဥယျာဉ်ခြံများရှိ သစ်ပင်များတွင် သဘာဝအလျောက် တွယ်ကပ်ရှင်သန်လျက်ရှိရာ ဒေသခံဥယျာဉ်ခြံပိုင်ရှင်များက ပြုစုထိန်းသိမ်းစောင့်ရှောက်ထားကြသည်။

ထိုကြက်ပေါင်သီးများသည် ဒီဇင်ဘာဒုတိယပတ်နှင့် တတိယပတ်တို့တွင် အသီးများရင့်လာပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများကဆွတ်ခူးရောင်းချကြရာမိသားစုအပိုဝင်ငွေများရရှိကြောင်းသိရသည်။

**Source: https://www.doca.gov.mm**

## ပဲစင်းငုံနှင့်မတ်ပဲ အရောင်းအဝယ်သွက်နေ

ဇန်နဝါရီလဒုတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်သို့ပဲစင်းငုံအသစ်များအနည်းအငယ်ဝင်ရောက်လျက်ရှိကြောင်း၊ ပို့ကုန်ပဲများဖြစ်သည့်ပဲစင်းငုံနှင့်မတ်ပဲများမှာအရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ပဲစင်းငုံ (နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၆၁,၀၀၀ မှ ၂၆၂,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၄၈,၀၀၀မှ ၂၆၀,၀၀၀၊ ယခင်လ ၂၄၅,၀၀၀ ကျပ်ဖြစ်သည်။

ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၁၃၀၀၀ ခန့်၊ ယခင်လထက် ကျပ် ၁၆,၀၀၀ မှ ၁၇,၀၀၀ ခန့် ဈေးမြင့်လာသည်။ပဲစင်းငုံ (ဖြူ) ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၁၀,၀၀၀မှ ၂၂၀,၀၀၀၊ယခင်တစ်ပတ် ၂၁၅.၀၀၀ ကျပ်၊ ယခင်လ ကျပ် ၂၁၀,၀၀၀ မှ ၂၂၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့် ၅၀၀၀ ကျပ်ဈေးမြင့်လာပြီး၊ အမြင့်စ ၅၀၀၀ကျပ် ခန့်

ဈေးမြင့်လာကာ ၊ ယခင်လအတိုင်း ဈေးငြိမ်လျက်ရှိသည်။

မတ်ပဲ(ကျောက်ရစ်) ဖဂပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၃,၀၀၀မှ ၂၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၀,၀၀၀ မှ ၂၅၂,၀၀၀၊ ယခင်လ ကျပ် ၂၅၈,၀၀၀မှ ၂၆၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ မှ ၈၀၀၀ ခန့် ဈေးမြင့်လာကာ၊ ယခင်လထက် အနိမ့်စ ၅၀၀၀ ကျပ် ခန့် ဈေးနိမ့်လာပြီး အမြင့်စ ဈေးငြိမ်လျက်ရှိသည်။

မတ်ပဲ(အညာ)ဖဂပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၁၀,၀၀၀မှ ၂၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၉၀,၀၀၀မှ ၂၁၅,၀၀၀၊ ယခင်လ ကျပ် ၁၉၀,၀၀၀ မှ၂၄၂,၀၀၀ ဖြစ်သည်။ယခင်တစ်ပတ်ထက် ကျပ် ၂၀,၀၀၀မှ ၂၅,၀၀၀နှင့် ယခင်လထက် အနိမ့်စ ၂၀,၀၀၀ ကျပ်ခန့် ဈေးမြင့်လာပြီး၊ အမြင့်စ ၂၀၀၀ ကျပ်ခန့်ဈေးနိမ့်လာသည်။

**Source:** https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၊ Amata Corporation ၏လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် Amata VN Plc က ဗီယက်နမ်နိုင်ငံတွင် ဘတ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စီမံကိန်းဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိ

ထိုင်းနိုင်ငံ၏ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ Amata Corporation ၏လက်အောက်ခံကုမ္ပဏီ Amata VN Plc သည် ဗီယက်နမ်အစိုးရ၏ ပဥ္စမမြောက်စက်မှုဇုန်ကို ဘတ် ၅ ဒသမ ၇ ဘီလီယံရင်းနှီးမြှုပ်နှံပြီး Phu Tho ပြည်နယ်တွင် တည်ဆောက်ရန်ခွင့်ပြုချက်ရရှိခဲ့ပြီဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် "Amata preps B5.7bn project in Vietnam" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အဆိုပါအိမ်ခြံမြေသည် ဗီယက်နမ်၏နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် တိုးပွားလာနေသော ဆွဲဆောင်မှုကို အားဖြည့်ပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ Amata City Phu Tho သည် မြောက်ပိုင်းဗီယက်နမ်သို့ လုပ်ငန်းလည်ပတ်မှုများကို တိုးချဲ့ရန် သို့မဟုတ် ရွှေ့ပြောင်းရန် ရှာဖွေနေသော အီလက်ထရွန်းနစ်နှင့် နည်းပညာကုမ္ပဏီများအတွက် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ ဗီယက်နမ်၏ အသားတင်ထုတ်လွှတ်မှုသုညသို့လျှော့ချရေး(net-zero emission)ရည်မှန်းချက်နှင့်အညီ အဆိုပါအိမ်ရာကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် ဒီဇိုင်းထုတ်ထားကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှင့်စုပ်ယူမှုအကြား ဟန်ချက်ညီအောင်လုပ်ဆောင်ရန် စီစဉ်ထားသည်ဟု ဟန္နိုင်းက ကြေညာခဲ့ကြောင်း၊ ဗီယက်နမ် အာဏာပိုင်များနှင့် လပေါင်းများစွာပူးပေါင်းဆောင်ရွက် ပြီးနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုမှတ်ပုံတင်လက်မှတ်ကို ရရှိခဲ့ပြီဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်Ms. Somhatai Panichewa က ပြောကြားခဲ့သည်။

ယခုနှစ် မေလ ၁၆ ရက်နေ့တွင် Amata VN နှင့် Phu Tho ပြည်နယ်ပြည်သူ့ကော်မတီတို့သည် ရေရှည်မိတ်ဖက် အဖွဲ့အစည်းတစ်ခုထူထောင်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အခြေခံအုတ်မြစ်ချခဲ့ကြောင်း၊ သဘောတူညီချက်အရပြည်နယ်သည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်မှုကို ပံ့ပိုးပေးရန်ကတိပြုခဲ့ကြောင်း၊ ဟက်တာ ၄၇၆ ခန့်ကျယ်ဝန်းသော Amata City Phu Tho ကို အဆင့်နှစ်ဆင့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ရာ ပထမအဆင့်သည် ဟက်တာ ၂၃၉ ကျယ်ဝန်း၍ ၂၀၂၉ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံသူများအား ဝန်ဆောင်မှုပေးရန်ခန့်မှန်းထားပြီး ဒုတိယအဖြစ် ကျန်ရှိသော ဧရိယာကို ၂၀၃၃ ခုနှစ်တွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း၊ Amata သည် ၎င်း၏ကျွမ်းကျင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ကို အသုံးပြု၍ အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံသူများ၊ အထူးသဖြင့် အဆင့်မြင့်နည်းပညာနှင့် နယ်ပယ်များတွင် ဆွဲဆောင်မည်ဖြစ်ပြီးပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော ကဏ္ဍများ ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

Amata VN သည် Amata City Bien Hoa၊ Amata City Ha Long နှင့် Amata City Long Thanh စသည့် စက်မှုဇုန်လုပ်ငန်းသုံးခုကို လုပ်ကိုင်နေပြီဖြစ်ပြီး တစ်ချိန်တည်းမှာပင် Quang Tri စက်မှုဇုန်ကို တည်ဆောက်နေဆဲဖြစ်ကြောင်း၊ Amata

၏ "All Win" အတွေးအခေါ်၊ အောင်မြင်မှုမျှဝေခြင်းနှင့် ရေရှည်တည်တံ့သည့်တန်ဖိုးအောက်တွင် Fortune ကုမ္ပဏီ ၅၀၀ ခု အပါအဝင် ငှားရမ်းသူ ၂၂၀ ကျော်ရှိကြောင်း၊ Phu Tho ပြည်နယ်ကိုယ်စားလှယ် Tran Duy Dong က Amata ၏ တက်ကြွသော ချဉ်းကပ်မှုကို ချီးကျူးခဲ့ကြောင်း၊ စီမံကိန်းသည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသိသာသာအထောက်အကူပြုမည်ဟု ထောက်ပြခဲ့ကြောင်း၊ "မြောက်ပိုင်းဝင်ပေါက်" တွင် မဟာဗျူဟာကျကျတည်ရှိသော Amata City Phu Tho သည် ခိုင်မာသောချိတ်ဆက်မှုကိုပေးစွမ်းပြီး အဓိကစက်မှုလုပ်ငန်းဗဟိုချက် တစ်ခုဖြစ်လာရန် အနေအထားတွင်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်က Amata Corporation ၏ စီးပွားရေးလုပ်ငန်း နှစ် ၅၀ ပြည့်အထိမ်းအမှတ်အဖြစ် ထိုင်း၊ ဗီယက်နမ်နှင့် လာအိုတို့တွင် စက်မှုဇုန်များဆက်လက်တည်ဆောက်သွားမည်ဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းအသစ်များကို ရှာဖွေသွားမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၇ ဒသမ ၈၅ သန်းတင်ပို့

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ပြည်ပဈေးကွက်သို့ ဆန်တန်ချိန် ၇ ဒသမ ၈၅ သန်းတင်ပို့နိုင်ခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆန်တင်ပို့မှုပမာဏသည် ယခင်နှစ်ထက် ၁၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ပို့ကုန်တန်ဖိုးအနေဖြင့် ၂၇ ဒသမ ၄ ရာခိုင်နှုန်းပိုမိုကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဒီဇင်ဘာတစ်လအတွင်း၌ပင်ဆန်တင်ပို့မှု ၃၄၀,၀၀၀ တန်အထိ ရောက်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၈၉ သန်းရရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားတို့ကဲ့သို့သော သမားရိုးကျဈေးကွက်များ၌ လျော့ကျလာသည်နှင့်အမျှ ပရီမီယံကဏ္ဍသို့ မဟာဗျူဟာမြောက်ကူးပြောင်းရန်အရေးကြီးကြောင်း ကျွမ်းကျင်သူများက အကြံပြုထားသည်။ အရည်အသွေးမြင့်ဆန်၊ အထူးအမျိုးအစားများနှင့် ပြုပြင်ထားသော ဆန်ထုတ်ကုန်များအတွက် အဓိကဈေးကွက်များတွင် ဥရောပသမဂ္ဂ၊ ဂျပန်၊ အမေရိကန် နှင့် တရုတ်နိုင်ငံတို့ပါဝင်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ ST 25 ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ဆက်လက်အသိအမှတ်ပြုခံရပြီး အမေရိကန်၊ ဥရောပ နှင့် တရုတ်နိုင်ငံများရှိ ပရီမီယံဈေးကွက်များတွင် သိသာထင်ရှားသော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သကဲ့သို့ ဂျပိုနီကာ ဆန်သည် ဂျပန်နိုင်ငံတွင် ဈေးကွက်အခိုင်အမာရရှိနေပြီဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

**Source: Vietnam Economic Times**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန်နွိုင်းမြို့)**

# STOCK EXCHANGE (13.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,529 (Shares) | 27,404,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 179 | 1,521,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 344 | 1,298,950 | 38,929,150 | 145,984 |
| MCB | 00003 | 7,400 | -200 | -2.63% | 7,500 | 7,500 | 7,400 | 1,354 | 10,154,900 | 10,400,986 | 76,967 |
| FPB | 00004 | 2,700 | +50 | +1.89% | 2,650 | 2,700 | 2,650 | 1,702 | 4,510,750 | 29,664,613 | 80,095 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,150 | 3,250 | 3,150 | 8 | 25,850 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 3,777 | 6,132,050 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 139 | 528,200 | 10,497,598 | 39,891 |
| MAEX | 00008 | 3,150 | -50 | -1.56% | 3,150 | 3,200 | 3,150 | 1,026 | 3,232,150 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.35 | -1.98 | -0.48% | 410.47 | 411.15 | 409.58 | 8,529 | 27,404,350 | 8 | 773,993 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 16,356 (Shares) | 49,190,850 (MMK) |

### Main Board

As of 1:00 pm, 13th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,529 (Shares) | 27,404,350 (MMK) |

| MYANPIX | 410.35 ▼ 1.98 |
|---|---|
| Total Volume (shares) | 8,529 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 773,993 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 7,400 | ▼ 200 |
| FPB | 00004 | 2,700 | ▲ 50 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,800 | ▲ 0 |
| MAEX | 00008 | 3,150 | ▼ 50 |